
မောင်မေခ စီစဉ်သော
ရင်ထဲက ချိုးကူသံ

# ကျေးဇူးတင်စကား

ကေအိုင်အေ စစ်သား တစ်ယောက်

ဆုံးရှုံး တာဟာ . . . တိုင်းပြည်ရဲ့ ဆုံးရှုံး မှု ဖြစ်သလို

ဗမာ စစ်သား တစ်ယောက် ဆုံးရှုံး တာကလည်း

တိုင်းပြည်ရဲ့ ဆုံးရှုံး မှု ဖြစ်ပါတယ်

နိုင်ငံတော် သမ္မတ ဦးသိန်းစိန်

၂၁-၁၀-၂-၁၂

*

ပြည်တွင်း ငြိမ်းချမ်းရေး မရှိရင်

ပြည်သူပြည်သားတွေ နစ်နာမယ်။

ဒေါ်အောင်ဆန်းစုကြည်

## ကျေးဇူးတင်လွှာ

၁။ စာပေနယ်၊ ရုပ်ရှင်နယ်ပယ်အတွင်းသို့ ရောက်ရှိလာအောင် တွန်းအားများ၊ အကြံ ဉာဏ်များ နှင့် လိုအပ်သော ကူညီပံ့ပိုးမှု များ ကို ပေးအပ်ခဲ့သော ဆရာဦးအေးကြူလေး

(ဒုဥက္ကဋ္ဌ - မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး) ၂။ 'ဟန်သုဿော်' ဟူသော ကလောင်နာမည် ကို ရွေးချယ်ပေးခဲ့သော ဆရာဆု (ဇာတ်ညွှန်း - ဆုသြချယ်) ၃။ မေတ္တာဖြင့် ကဗျာများ ကို ရင်ဘတ်နှင့် ရင်းပြီး ရေး သားပေးခဲ့ကြသော ကဗျာဆရာ များ ဖြစ် ကြသည့် . . .

- ဘချစ်ငြိမ် (မောင်မေခ)

- ဆရာအုန်း (အုန်းကျော်နီ)

- ဘမြင့် (အကယ်ဒမီ မြင့်ဦးဦးမြင့်)

- ညီငယ် ဇာမဏီသွေး (ခေတ္တလူ့ရွာ)

-

၄။ 'ရင်ထဲက ချိုးကူသံ' ဝတ္ထုရှည် ဖန်တီးရန်အတွက် လိုအပ်သော အကူအညီများ ပေးအပ်ခဲ့ကြသော မြစ်ကြီးနားမြို့ မှ . . .

- ဦးအောင်မြတ်မင်းနှင့် ဇနီး

- ဆရာ ဦးအောင်မျိုးမင်းနှင့် ဇနီး

- ဆရာ ဦးဆွမ်ဒူဇော်နော်နှင့် ဇနီး

- ကိုကျော်မျိုးထွန်းနှင့် ကိုဝေလင်း

-

၅။ မြစ်ကြီးနားခရီးစဉ်တစ်လျှောက်လုံးတွင် သွားချင်သည့်နေရာများ ကို မညည်းမညူဆိုင်ကယ်မောင်းပြီး လိုက်ပို့ပေးရုံမက လိုအပ်သော မှတ်တမ်းဓာတ်ပုံများ ကိုပါ ရိုက်ကူးပေးခဲ့သော -

ညီငယ် စာရေး ဆရာ သိုးဆောင်း၊

၆။ မေတ္တာဖြင့် စာအုပ်ဒီဇိုင်းပြုလုပ်ပေးခဲ့သော စာရေး ဆရာ

- ဆရာ ဇော်မိုးဦး

-

၇။ မျက်နှာဖုံးပန်းချီကို စိတ်ကြိုက် မ ဖြစ်မချင်း စိတ်ရှည်ရှည်ဖြင့် ငါးကြိမ်တိတိ ဖန်တီး ရေး ဆွဲပေးခဲ့သော အချစ်ရုံး သမား ပန်းချီဆရာ - ကိုလင်းဝင်း နှင့် ကလောင်အမည် ၂၀၅၀ ဆွဲပေး သော ပန်းချီဆရာ - ဦးတင်ထွဏ်း တို့ကို လှိုက်လှဲစွာ ကျေးဇူးတင်ပါကြောင်း ကမ္ဘည်းမော်ကွန်း တင်အပ်ပါသည်။

*

## ချိုးကူသံ

စိမ်းလန်းဥာနေ ယမ်းမိုးစွေ၍

သွေးမြေစီးကျပူသော ကနှင့်

ဘဝအိပ်မက် မှော င်တွင် းနက်မို့

ကမ်းလက်ပေးယူ စိတ်ဝမ်းတူသည်

ချိုးကူသံမြူး တကူးကူး . . .။

ကိန်းခန်းသာပေ မေတ္တာဝေ၍

ရေမြေခွဲခြား စည်းမတားဘဲ

အင်အားညီတူ ပေါင်းစုယူသည်

ချိုးကူသံမြူး တကူးကူး . . .။

ငြိမ်းချမ်းပါစေ ရန်ငြိုး ကျေ၍

မြန်ပြည်တစ်ဝှမ်း စည်ပြောလွှမ်းပြီး

ရဟန်းရှင်လူ ကောင်းမှု လှူသည့်

ချိုးကူသံမြူး တကူးကူး . . .။

အို . . . ချိုးကူသံ ဘဝဂ်ည့်၍

လေဆန်ကိုဖြတ် အောင်မောင်းခတ်ကာ

မုန်းဇာတ်သိမ်းဆည်း ရှေ့ခရီးဝယ်

ချစ်ပြီးအပြုံး ထပ်စေသော်ဝ်

စစ်မီး အဆုံးသတ်စေသော်ဝ် . . .။

မောင်မေခ

*

ကမ္ဘာကြီးသည် မျက်ရည်ကို အလိုမရှိ

လူစိတ်ရှိတုန်းက . . .

မင်္ဂလာပါနဲ့ မိတ်ဆွေ ဖြစ်ခဲ့ကြ

မီးတစ်တို့လောက်နဲ့ သူငယ်ချင်း ဖြစ်ခဲ့ကြ

နေကောင်းရဲ့ လားနဲ့ ခင်မင်ခဲ့ကြ

ထမင်းစားပြီးပြီလားနဲ့ ရင်းနှီးခဲ့ကြ။

လူစိတ်ကင်းမဲ့သွားတော့ . . .

ကိုယ့်ထက်သာ မနာလို ဖြစ်ကြ

မြေနိမ့်ရာ လှံစိုက်ကြ

နောက်ကျော ဓားနဲ့ထိုးကြ

ရယ်ရွှန်းဖတ်ရွှန်းနဲ့ ချောက်တွန်းကြ

ထမင်းကျွေးတဲ့လက်ကို ပြန်ကိုက်ကြ။

အဲဒီ လိုနဲ့ . . .

ကမ္ဘာကြီးဟာ . . . စစ်ပွဲတွေ နဲ့ အသားကျ

သွေးညှီနံ့တွေ နဲ့ အသားကျ

ဒုက္ခတွေ နဲ့ အသားကျ

သော က၊ ဗျာပါဒတွေ နဲ့ အသားကျ

မျက်ရည်တွေ နဲ့ အသားကျ။

ကျွန်တော် တို့ နေထိုင်တဲ့ ကမ္ဘာကြီးမှာ

လူသားအချင်းချင်း

လောဘ၊ ဒေါသ၊ မောဟ

အာဃာတ၊ မာန၊ မစ္ဆရိယ

" စိတ်အခါး " တွေ စောင့်ထိန်းမှ

* ငြိမ်းချမ်းရေး နှင့် စိမ်းလန်းမွေးမြ *

" ချိုးကူသံ " တေး ချိုမြိန် လှပ ။ ။

မြင့်ဦးဦးမြင့်

(*= ကဗျာဆရာအောင်ဝေး၏ မူပိုင်စကားလုံး ဖြစ်ပါသည်။)

*

ရင်မှာ သည်သာ ငွေလမင်း

ငါ့ရင်မှာ သာ ငွေသော် တာလျှင်

အညာမစွန်း သစ္စာထွန်းဖို့

နေမွန်းစဉ်ပင် ကြိုး စားခဲ့။

ငွေသော် တာသည်

တိမ်လွှာထူတွင် း သွားရခြင်းကြောင့်

အလင်းအင်အား မထင်ရှားလည်း

သူ သွားလိုရာ ခရီးတာသို့

အာကာပြင်တွင် ပြုံး ပန်းဆင်ရင်း

သစ်လွင်ရှင်ပျ ချိုတက်လျက်။

ရင်တွင် းသော် တာ ငွေစန္ဒာသည်

ဝဲယာဝန်းကျင် မလင်းလျှင်မှ

ကိုယ့်ရင်ငြိမ်းချမ်း လင်းနိုင်စွမ်း၏ ။

တောတောင်သို့ ဝင် သော င်ပေါ်တင်၍

လယ်ပြင်ပေါ်ကျ ကျောင်းခန်းဝဖြင့်

နွေည မိုးဆောင်း သူ မညောင်းခဲ့

လမ်းဟောင်းပျက်က လမ်းသစ်ရဖို့

ဘဝ ထိုထိုဖြတ်သန်းအံ့။

လဝန်းစန္ဒာ ငွေသော် တာကား

ခရီးတာဝေးလံ နီးအောင်ဖန်၏

နီကြန်နွေပြင် စိမ်းအောင်ဆင်လျက်

ဆောင်းတွင် အနွေးလက်ဆောင်ပေး၏

အားဆေးတစ်လက် ရေတစ်ခွက်အပြင်

လက်ညှက်တယော ဂီတနှော . . .။

" အနုပညာ အလင်္ကာ " လျှင်

ရင်မှာ သာရွှန်း တင့်တယ်လွှန်းသည့်

လဝန်းသော် တာ မည် တော့သည့်

ဘဝအလင်း တည်ရာပြည် ။ ။

၂အုန်းကျော်နီ

*

ကြည့်မကောင်းတဲ့ပွဲ

" မနုဿတ္တ ဘာဝေါ ဒုလ္လဘော " တဲ့

လူ့ဘဝဟာ ရခဲတယ်။

ငါတို့ ဘုရား ဟောကြားခဲ့တာ . . .

သူတို့တွေ မေ့နေကြရော့သလား . . . မသိလေကြရော့သလား . . .

အဝိဇ္ဇာကို အပြစ်ပုံမချနဲ့

လူ လူချင်း အသက်ကို နတ်ယူစတမ်း ကစားနေကြတာ . . . စက်ရုပ်တွေ လို

အတ္တကိုယ်စီနဲ့ ဇိဝိန်ပေါင်းများ စွာ ကို ချိန်ရွယ်မောင်းဖြုတ်

ကြားလူက အမြတ်ထုတ်နေတာကို သူတို့ မသိကြဘူး။

ရုပ်ရှင်ရိုက်တာ မဟုတ်မှန်းသိပေမဲ့

ကတ် . . . ကတ် . . . ကတ်

အဲဒီ အခန်း ကြည့်မကောင်းဘူး။

အနိုင်မရှိဘူး၊ အရှုံး မရှိဘူး

နှစ် သင်းစလုံး အရှုံး နဲ့သာ ပြန်ကြရမယ့်ပွဲ

အဝါကတ်တွေ ပလူပျံလို့

အနီကတ်တွေ လည်း များ . . . များ လှပေါ့

ဗုံးတွေ ကျည်ဆန်တွေ မိုးတွေ တအားကျနေတယ်။

ကြည့်မကောင်းတဲ့ပွဲ

ငြိမ်းချမ်းရေး ရာသီသို့ ရွှေ့ကြမယ်ဟေ့ . . .

ပရိသတ်ရဲ့ အော်သံတွေ ကို မကြားဘူးလားဗျာ

သဘောတူမလား . . . ဆက်ကန်မလား . .

.

ရပ်တန်းက ရပ်ကြ

ကွင်းလယ်ဒိုင်တွေ စည်းကြပ်ဒိုင်တွေ

ဆုံးဖြတ်ကြ ဆွေးနွေးကြ ညှိနှိုင်းကြ အဖြေရှာကြ

လက်ဆွဲ နှုတ်ဆက်ရင်း လက်ခုပ်တီးပြီး ကြိုဆိုမယ်။

မြို့ ရိုးပေါ်က လူတွေ

i Phone , i Pad နဲ့ သီချင်းနားထောင်နေချိန်မှာ

သူတို့တွေ ဟာ သေနတ်သံ ဗုံးသံတွေ ကို နားထောင်တယ်။

မြို့ ရိုးပေါ်က လူတွေ

အကောင်းစားထမင်း ဟင်းနဲ့ ပွဲတော် တည်နေချိန်မှာ

သူတို့တွေ ဟာငတ်တစ်လှည့် ပြတ်တစ်လှည့်

ဆန်ကွဲထမင်း ပုန်းရည်ဟင်းနဲ့ ဝမ်းဖြည့်တင်းနေရတဲ့အ ဖြစ်။

မြို့ ရိုးပေါ်က လူတွေ

အဲယားကွန်းနဲ့ အိပ်မောကျနေချိန်မှာ

သူတို့တွေ က မာရသွန်အပြေးသမား တစ်ယောက် လို

ပြေးလွှားနေကြရတယ်။

မြို့ ရိုးပေါ်က လူတွေ

နတ်သမီး အိပ်မက် မက်နေတဲ့အချိန်

သူတို့တွေ ရဲ့ အိပ်မက်စာ

အခုချိန်ထိ ငရဲခန်းထဲမှာ လှောင်ပိတ်လို့ . . .။

မြို့ ရိုးပေါ်က သားသား မီးမီးတွေ

ဒစ်စနေ ကမ္ဘာထဲ ရောက်နေကြချိန်

သူတို့တွေ ရဲ့ ဘကုန်းနောက်က ဝလုံးလေးဟာ . . .

သုညအ ဖြစ်နဲ့ ပုံးခိုကျင်း ကမ္ဘာလေးထဲမှာ ။

( အဲဒါလား . . . ကိုယ်ချင်းစာတရား

တကယ် . . . တကယ် . . . တရားကျဖို့ကောင်းပါရဲ့ )

စင်ပေါ်က ကြည့်နေကြသူတွေ သိတယ်

နှစ် သင်းစလုံးအတွက် မကောင်းဘူး

ဟိုဘက် အသင်းနည်းပြနဲ့ ဘုတ်အဖွဲ့ဝင်တွေ ကလည်း

သူ့အယူအဆနဲ့ သူ၊ သူ့အတ္တနဲ့ သူ၊ သူ့မာနနဲ့ သူ

ဒီဘက်အသင်းနည်းပြနဲ့ ဘုတ်အဖွဲ့ဝင်တွေ ကလည်း

ကိုယ့်အယူအဆနဲ့ ကိုယ်၊ ကိုယ့်အတ္တနဲ့ ကိုယ်၊ ကိုယ့်မာနနဲ့ ကိုယ့်

အတ္တနဲ့ မာန်မာန ခဝါမချနိုင်သေးသရွေ့တော့ . . .

မီးခိုးငွေ့တွေ တအူအူနဲ့ ပွဲ ကတော့ ကြမ်းနေဦးမှာ ပဲ။

ဘယ်သူ့အတွက်လဲ၊ ဘာအတွက်လဲ

အချိန်ကုန်တယ်၊ လူကုန်တယ်၊ ငွေကုန်တယ်

ရောမပြည်ကြီး မီးဟုန်းဟုန်းတောက်နေတာကို ကြည့်ပြီး

နီးဂိုးတယောထိုးတဲ့ ရောမဘုရင်လို

ငါတို့တွေ မဟုတ်ဘူး

နိုင်ငံအတွက် လူမျိုးအတွက် ဘာသာအတွက်

အကျိုးအမြတ်က နတ္ထိ

ကြည့်မကောင်းတဲ့ပွဲ

ဘာလဲဟဲ့ . . . အဲဒီ စစ် ။ ။

ဇာမဏီသွေး ( ခေတ္တလူ့ရွာ )

"ဝုန်း . . . "

"ဝုန်း . . . ဝုန်း . . . "

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . "

"ဝုန်း . . . "

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . "

"ဒတ် . . . ဒတ် . . . ဒတ် . . . "

သေနတ်သံများ ၊ လက်ပစ်ဗုံးသံများ က ပတ်ဝန်းကျင်တစ်ခုလုံးသို့ စိုးမိုးထားသည်။

သေနတ်သံများ ၊ လက်ပစ်ဗုံးသံများ ကြားထဲမှာ အထုပ်အပိုး ကိုယ်စီဖြင့် ယောကျ်ား၊ မိန်းမ၊ ကလေး အသက်အရွယ်မျိုးစုံ အသက်လုပြီး ထွက်ပြေးနေကြသော လူအုပ်ကြီးကလည်း မနည်းလှ ပေ။ အိမ်မွေးတိရစ္ဆာန်များ ဖြစ်သည့် ခွေးကလေး၊ ကြောင်ကလေးများ ပင် သူတို့၏ သခင်နောက်သို့ အမြန်ပြေးလိုက်နေကြသည်။

တစ်ဖက်နှင့် တစ်ဖက်ကလည်း အနိုင်မခံ အရှုံး မပေး။

သူနိုင် ကိုယ်နိုင် လက်နက်အားကိုးနှင့် အငြိုး ကြီးစွာ ပစ်ခတ်နေကြဆဲပင်။

နိုင်ငံရေး အယူအဆ တိုက်ပွဲတွေ ကလည်း မြန်မာတစ်ပြည်လုံး ပြင်းထန်နေဆဲပင်။

အပြစ်မဲ့ ပြည်သူပြည်သားများ ၏ အသက်နှင့် ဘဝပေါင်းများ စွာ ကို စစ်မြေပြင်မှာ စတေးနေ ကြဆဲပင်။

သေနတ် ပစ်ကွင်းကြားထဲကနေ ပြေးလွှားရင်းဖြင့် အသက်ငါးနှစ် အရွယ် ကလေးမလေး တစ်ဦးကို ချီပွေ့ပြီး ပြေးလာသော အမျိုးသမီးတစ်ဦး၏ ပေါင်တစ်ဖက်ကို ကျည်ဆံ ထိမှန်သွားကာ၊ ချက်ခြင်း မြေပြင်ပေါ်သို့ လဲကျသွားသည်။ အားယူပြီး မြေပြင်ပေါ်သို့ ပြန်အထမှာ တော့ နောက်ထပ် ကျည်ဆန်တစ်တောင့်က သူ့ရင်ခွင်ထဲသို့ ခိုနားလာပြီး မြေပြင်ပေါ်သို့ ပြန်လည်လဲကျသွားသည်။

ထိုအချိန်၌ သူ၏ အနားသို့ အသက်ခုနစ် နှစ် အရွယ်ကလေးတစ်ဦးကို ပွေ့ချီပြီးပြေးနေသော အမျိုးသမီးတစ်ဦးလည်း ရောက်လာသည်။ သူ၏ သွေးအံ့မူးမူး ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း သူ့ ဘေးနားမှာ လဲကျနေသော သမီး ဖြစ်သူကို အမျိုးသမီး၏ လက်ထဲသို့ အတင်းထိုးအပ်ပြီး . . .

''ဂနောင် ခေါန်ဂျာနူး''

(ညီမလေး . . .ခေါန်ဂျာနူး)

''ရှိင်ထုံးပါးနီဖဲ့ ဂျက်ခရက် ကောဒါးမန''

(အထုပ်အပိုးတွေ ကို ဖြုတ်ချထားခဲ့တော့ . . .)

''မာရန်းဖဲ့ရှာ ရှကာနား ဖရောင် စု . . . ငိုင်စီယမ့် စီဝှဂငိုင်ဖဲ့ ဓားကော်ဒါဝှ အတန့် အင်း ငစိုင်''

(သားနဲ့ သမီးကိုသာ ခေါ်ပြီး ပြေးတော့ . . .။ ငါသေရင် သေပါစေ။ ငါ့ကို ထားခဲ့လိုက် အချိန်မရှိဘူး)

''ဖရောင် . . . ဖရောင် . . . ဖရောင် စု''

(ပြေး . . . ပြေး . . . ပြေးတော့ . . . )

လဲကျနေသော အမျိုးသမီးက စိုးရိမ်တကြီး အသံကုန်ဟစ်ကာ ပြောသည်။

သူ၏ ခြေလက်များ က တဆတ်ဆတ် တုန်ခါနေ၏ ။

ထိုအခါ ခေါန်ဂျာနူးက အစ်မ၏ လက်ထဲ ကလေးမလေးကို လက်ဆွဲပြီး ကလေးနှစ် ဦးနှင့် အားကုန်ပြေးနေတော့လေသည်။ သူ၏ ကျောပြင်မှာ သိုင်းလွယ်ထားသော အထုပ်အပိုးများ ကို လည်း အစ်မ၏ အနား၌ ပင် ဖြုတ်ချထားခဲ့၏ ။ နာကျင်သော ဝေဒနာကို အံကြိတ်ခံရင်း သားနှင့် သမီး တို့ သေဘေးကြုံမည် ကို စိုးရိမ်တကြီးဖြင့် ကြည့်နေရှာသော သေအံ့မူးမူး မိခင်တစ်ဦး။

သူကဲ့သို့ ပင် လမ်းခရီးမှာ ပြေးလွှားရင်းဖြင့် အသက်မဲ့သွားသော ခန္ဓာကိုယ်များ ၊ ခြေပြတ် လက်ပြတ် ဖြစ်နေသော ခန္ဓာကိုယ်များ ကလည်း ဟိုတစ်ခု သည်တစ်ခုနှင့် မြင်မကောင်း ရှုမကောင်း လှ။

ညီမ ဖြစ်သူ ခေါန်ဂျာနူးက ကလေးနှစ် ဦးကို လက်တစ်ဖက်စီဆွဲပြီး ပြေးလွှားနေရင်းဖြင့် အစ်မ ဖြစ်သူကို လှည့်ကြည့် လှည့်ကြည့်နှင့် အသက်လု၍ ထွက်ပြေးနေဆဲပင်။

ကလေးငယ်နှစ် ဦး၏ မျက်ဝန်းထဲမှာ တော့ ဖခင် ဖြစ်သူရော၊ မိခင် ဖြစ်သူပါ လမ်းခရီး၌ ပြေးလွှားရင်းဖြင့် မရှုမလှ သေဆုံးခဲ့ရသည့် ပုံရိပ်များ ကိုတော့၊ ဘယ်လိုမှ မေ့ဖျောက်၍ ရနိုင်မည် မဟုတ်ပါ။ ထိုအ ဖြစ်အပျက်များ က သူတို့မောင်နှမနှစ် ဦး၏ စိတ်သဏ္ဍာန်မှာ တစ်သက်လုံး သံမှို ရိုက်သွင်းထားသလို ထာဝရစွဲမြဲနေလေသည်။

*

- ၂ -

မန္တလေးတောင်၏ တောင်ဘက်တွင် ထုံးသင်္ကန်းဖြူဖြူများ ကပ်လှူ ပူဇော်ထားသော ကုသိုလ်တော် ဘုရားကို ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရပေလိမ့်မည် ။ ထိုကုသိုလ်တော် ဘုရားဝင်း အတွင်းသို့ ဝင်လိုက်သည်နှင့် ထုံးဖြူဖြူစေတီလေးများ အပြင်

နှစ် တစ်ရာသက်တမ်းရှိသော ခရေပင် များ ကိုလည်း မျက်စိတစ်ဆုံး တွေ့မြင်ရပေလိမ့်မည် ။

တနင်္ဂနွေနေ့ပ ရုံးပိတ်ရက် ဖြစ်သဖြင့် ကုသိုလ်တော် ဘုရားနှင့် ထိုဘုရားဝင်းအတွင်း ၌ရှိ ခရေ ပင်တန်းတွင် အနယ်နယ် အရပ်ရပ်က ဘုရားဖူးခရီးသည်များ၊ ချစ်သူစုံတွဲ များ စွာ တို့ဖြင့် အလွန်ကို စည်ကားနေသည်။

လေပြည်တစ်ချက် ဝှေ့ယမ်းလိုက်သည်နှင့် ခရေရွက်ကလေးများ သည် မြေပြင်ပေါ်သို့ တဖြုတ်ဖြုတ် ကြွေကျနေကြသည်။ ပြင်ပရာသီဥတုမှာ လည်း နွေရာသီ ဖြစ်သဖြင့် အလွန်ကို ပူပြင်း လှသည်။ ညနေပိုင်းသို့ ရောက်လာသော် လည်း နေ၏ အပူရှိန်က မလျော့သေးပေ။ ပြင်ပရာသီဥတု ၏ အပူရှိန်ထက် ခွဲခွာခါနီး ချစ်သူနှစ် ဦး၏ ရင်ဘတ်ထဲက သော ကအပူများ က ပိုပြီး ပြင်းထန်လွန်းလှ သည်။ ခရေပင်ခြေရင်းရှိအုတ်ခုံတွင် ထိုင်နေရင်းဖြင့် မြေပြင်ပေါ်သို့ ကြွေကျလာသော ခရေရွက် ကလေးများ ကို 'ကျော်စည်သူ' နည်းတူ သူ၏ ချစ်ဦးသူ 'ခေါန်ဂျာ' ကပါ နှစ် ယောက် သား စိတ်ဝင် တစားဖြင့် ငေးကြည့်နေကြသည်။ ခရေရွက်ကလေးများ ကြွေကျနေပုံတွေ ကလည်း လွမ်းမောစရာ ကောင်းလှသည်။

ကျော်စည်သူက ချစ်သူ၏ ဘယ်ဘက်လက်ကလေးကို ကြင်နာယုယစွာ ဖြင့် ဖမ်းကိုင်လိုက် စဉ်တွင် ခေါန်ဂျာက ရီဝေသော အကြည့်ဖြင့် ပြန်လည်တုံ့ပြန်လိုက်သည်။ ခေါန်ဂျာ၏ မျက်ဝန်းထဲတွင် မျက်ရည်လေးများ ဥနေသည့်အပြင် စိုးရိမ်မှု တွေ ကိုပါ အမှတ်မထင် တွေ့လိုက်ရသည်။

''ခေါန်''

ကျော်စည်သူက ခေါန်ဂျာအား 'ခေါန်' ဟူသော နာမည် အစ စကားလုံးကို ချစ်စနိုးဖြင့် ခေါ်၏ ။ ထိုနည်းတူစွာ ပင် ခေါန်ဂျာကလည်း ကျော်စည်သူအား 'ကျော်' ဟုပင် ခေါ်ဝေါ်သည်။

''ဘာပြောချင်လို့လဲ။ ခေါန် ကိုယ့်ကို ပြောချင်တဲ့စကားရှိရင် ပွင့်ပွင့်လင်းလင်း ပြောလေ . . .''

''ခါနီ တစ်ယောက် တည်း ဘာတွေ တွေးနေတာလဲ'' ကျော်စည်သူက နှစ်ကိုယ်ကြား လေသံအေးအေးဖြင့် ပြော၏ ။

ထိုအခါတွင် ခါနီဂျာသည် ကျော်စည်သူ၏ ညာဘက်လက်ကို သူ၏ လက်နှစ်ဖက်ဖြင့် အားရပါးရ တင်းကျပ်စွာ ဆုပ်ကိုင်ရင်းဖြင့် . . .

''ခွဲရမှာ ကို ကြောက်နေတယ် ကျော်ရယ် . . .။ ကျော်နဲ့ ဒီတစ်သက် မဝေးပါရစေနဲ့''

ခါနီဂျာက ကချင်သံဝဲဝဲဖြင့် ပြောလာသော အခါတွင် ကျော်စည်သူ စိတ်မကောင်း ဖြစ်ရ သည်။ နွမ်းလျနေသော ခါနီဂျာကိုကြည့်ပြီး ကျော်စည်သူ မသိမသာ သက်ပြင်းချမိသည်။

ကျော်စည်သူနှင့် ခါနီဂျာတို့သည် မန္တလေးဆေးတက္ကသိုလ်တွင် ဆေးပညာဆည်းပူး ကြရင်းဖြင့် ဆုံတွေ့ခဲ့ကြသည်။ ဒုတိယနှစ် မှစ၍ ယခုနှစ် အလုပ်သင်ပြီးဆုံးချိန်ထိ လက်တွဲ မပျက် လက်တွဲ ခဲ့ကြသည်။ တစ်ဦးနှင့် တစ်ဦးလည်း အလွန်ကို ချစ်ခင်ခဲ့ကြသည်။ ချစ်သူသက်တမ်းလည်း ငါးနှစ် ငါးမိုးပင် ပြည့်မြောက်ခဲ့လေပြီ။

''ကိုယ့်အချစ်ကို မယုံကြည်လို့လား ခါနီရယ် . . .''

''ကိုယ်လေ . . .။ ခါနီ့ကို သိပ်ချစ်တယ်။ ကိုယ့်ဘဝရဲ့ ချစ်ဦးသူကလည်း ခါနီဖြစ်သလို ကိုယ့်ဘဝရဲ့ ဘဝကြင်ဖော်ကလည်း ခါနီပါပဲ။ ကိုယ်တို့တွေ ဘယ်လောက်ထိပဲ လူချင်းဝေးနေ ဝေးနေ ကိုယ့်နှလုံးသားထဲမှာ ခါနီ တစ်ယောက် တည်းပဲ ရှိနေတယ်ဆိုတာကို ရဲရဲဝံ့ဝံ့ ယုံကြည်ပေး စမ်းပါ ခါနီရယ် . . .''

ခါနီဂျာက စကားတစ်ခွန်းမှ ပြန်လည်တုံ့ပြန်ခြင်းမရှိဘဲ၊ ကျော်စည်သူ နောက်ထပ်ဆက် ပြောမည့် နှလုံးသား၏ သံစဥ်စကားလုံးများ ကိုသာ အာရုံစိုက်ပြီး နားထောင်နေရှာသည်။ ကျော်စည် သူက သူ၏ ခံစားချက်များ ကိုသာ တစ်ယောက် တည်း မနားတမ်း ဆက်ပြောနေ၏ ။

"ဘာမှ မစိုးရိမ်ပါနဲ့ ခေါန်"

"ကိုယ့်အချစ်ကို ကိုယ် ယုံကြည်တယ်။ ကိုယ်လေ . . . ခေါန်ကလွဲပြီး ဘယ်မိန်းကလေး ကိုမှ ဘဝကြင်ဖော်အ ဖြစ် လက်မတွဲ ဘူး။ လက်မထပ်ဘူး။ အချိန်တန်လို့ ကိုယ်လက်ထပ်ရမယ့်သူ ကလည်း ခေါန်ပါပဲ"

"အခု ကိုယ်တို့တွေ အလုပ်သင်ပြီးဆုံးလို့ မကြာခင်အချိန်မှာ ဘွဲ့ယူတော့မယ်လေ . . .။ ဘွဲ့ယူပြီးလို့ ကိုယ့်ဘဝကို ကိုယ် တာဝန်ယူနိုင်ပြီ ရပ်တည်နိုင်ပြီဆိုရင်တော့၊ မိသားစု သံယောဇဉ် ကမ္ဘာလေးတစ်ခု တည်ဆောက်ကြမယ်လေ"

"အိမ်ထောင်ပြုတယ်ဆိုတာ ကိုယ့်ဘဝကို ကိုယ်တာဝန်ယူနိုင်မှ သုခတွေ ရနိုင်မှာ ။ ကိုယ့် ဘဝကို ကိုယ်တာဝန်မယူနိုင်ဘဲ အိမ်ထောင်ပြုလိုက်လို့ . . . အဆင်မပြေ ဖြစ်ခဲ့ရင် . . .၊ ကိုယ့် ချစ်သူကို ဒုက္ခတွင်း းထဲဆွဲချပြီး ဒုက္ခတွေ ပေးနေတာနဲ့ တူတယ်။ ကိုယ်က ခေါန်ကို ဒုက္ခတွေ မပေး ဘဲ သုခချမ်းသာတွေ ချည့် ပေးချင်တဲ့သူပါ။ အဲဒါကြောင့် အချိန်နည်းနည်း ပဲ စောင့်ပါ ခေါန်"

ကျော်စည်သူ၏ စကားဆုံးသည်နှင့် ခေါန်ဂျာက ခေါင်းညိတ်ပြသည်။

ခေါန်ဂျာ၏ မျက်ဝန်းကနေ သူ့အလိုလို တသွင်သွင် စီးကျလာသော မျက်ရည်စလေးများ ကို လည်း ကျော်စည်သူက ကြင်နာယုယစွာ ဖြင့် တယုတယ သုတ်ပေးလိုက် သည်။

"အချိန်ဘယ်လောက်ထိပဲ စောင့်ရစောင့်ရ ခေါန် စောင့်ပါ့မယ် ကျော်ရယ် . . .။ ကျော့်ရဲ့ အချစ်ကိုလည်း ခေါန် လေးလေးနက်နက် ယုံကြည်ပါတယ်။ ဘွဲ့ယူတဲ့အခါမှာ လည်း တစ်ခါထပ်ပြီး ဆုံကြဦးမယ် မဟုတ်လား . . . "

ကျော်စည်သူက ပြန်ပြီးခေါင်းညိတ်ပြတော့၊ ခေါန်ဂျာ အကျေနပ်ကြီး ကျေနပ်သွားသည်။ ချက်ခြင်းပင် ခေါန်ဂျာ၏ မျက်နှာပြင်ပေါ်တွင် အပြုံး ပန်းများ ဝေဝေဆာဆာ ဖူးပွင့်လာတော့သည်။

ထို့နောက် ကျော်စည်သူနှင့် ခေါန်ဂျာတို့ ချစ်သူနှစ် ဦးသည် ခရေပင်အောက်တွင် ထိုင်နေရာ ကနေ မတ်တတ်ထပြီး နှစ် ယောက် သား လက်ချင်းတွဲ ကာ၊ ခရေပင်တန်းကနေ ဖြည်းညင်းစွာ ထွက်ခွာလာခဲ့ကြသည်။ သူတို့နှစ် ဦး လျှောက်လှမ်းလာရာ လမ်းတစ်လျှောက်တွင် ခရေရွက် ကလေးများ သည် တဖြုတ်ဖြုတ်နှင့် အဆက်မပြတ် မြေပြင်ပေါ်သို့ ကြွေကျနေတော့သည်။ ကြွေကျလာသော ခရေရွက်ကလေးများ ကို မြေပြင်ပေါ်သို့ မကျခင် နှစ် ယောက် သား သူ့ထက်ငါ အကြိတ် အနယ် လိုက်ဖမ်းကြသည်။ ပြီးနောက် ကျောပိုးအိတ်၊ လက်ကိုင်အိတ်ထဲက ဘောလ်ပင်လေးများ ကိုယ်စီ ကိုယ်စီ ထုတ်ကာ၊ သူတို့၏ ရင်တွင်း ခံစားချက်များ ကို ခရေရွက်ကလေးများ ပေါ်တွင် ချက်ခြင်းပင် ကမ္ဗည်းမော်ကွန်းတင်ပြီးသည်နှင့် ခေါန်ဂျာ၏ လက်ထဲသို့ ခပ်မြန်မြန် ထည့်ပေးလိုက် သည်။

"ခေါန်"

"အသည်းနှင့်အောင် ချစ်တယ်"

ကျော်စည်သူ၏ ခံစားမှု စာသားကို ဖတ်ကြည့်ပြီးသည်နှင့် ခေါန်ဂျာသည် သဘောခွေ့သွား သည်။ ခေါန်ဂျာ၏ မျက်နှာပြင်ထက်တွင် ကြည်နူးမှု ပီတိ အပြုံး ပန်းများ က ပန်းဥယျာဉ်ကြီးတစ်ခု ပမာ ဝေဆာဖူးပွင့်နေတော့လေသည်။

ခေါန်ဂျာကလည်း အားကျမခံ သူ၏ နှလုံးသားခံစားမှု ကို ခရေရွက်ကလေးပေါ်တွင် ကမ္ဗည်း မော်ကွန်းထိုးပြီးသည်နှင့် ကျော်စည်သူ၏ လက်ထဲကို ထည့်ပေးလိုက် ပြန်သည်။ ထိုစာသားကို ကျော်စည်သူက အသံထွက်ပြီး ဖတ်ကြည့်တော့၊

"သိပ်ချစ်တယ် . . . ကျော်"

"ဝေးရမှာ လည်း ကြောက်တယ်" ဟု ခေါန်ဂျာက ရေး သားထား၏ ။

ထို့နောက် ကျော်စည်သူနှင့် ခေါန်ဂျာတို့ ချစ်သူနှစ် ဦးသည် ခရေပင်တန်းတွင် နှစ် ယောက် သား လက်ချင်းတွဲ ကာ လမ်းလျှောက်လာသည်။ ချစ်သူနှစ် ဦးသည် ကြွေကျလာသော ခရေရွက် ကလေးများ ကို မြေပြင်ပေါ်သို့ မကျမီ သူ့ထက်ငါ အပြိုင်အဆိုင် လိုက်ဖမ်းရင်းဖြင့် အလွန်ကို ပျော်ရွှင်နေကြလေတော့သည်။

*

- ၃ -

၂၀၁၀ ခုနှစ် ၊ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးစီးသည့်နောက်ပိုင်းတွင် မြန်မာ့နိုင်ငံရေး ရေစီးကြောင်း ပြောင်းလဲမှု နှင့် အတူ စာပေနှင့် စာနယ်ဇင်းလုပ်ငန်းများ ပါ အတန်အသင့် ပြောင်းလဲလာသည်။

သတင်းဂျာနယ်မျိုးသည် အပတ်စဉ်ထုတ်ဝေသော သတင်းဂျာနယ်များ အဖြစ်သာမက နေ့စဉ်ထုတ် ပုဂ္ဂလိကသတင်းစာများ ထုတ်ဝေနိုင်ရန်အထိပါ ကြိုးစားပြင်ဆင်ကြလေပြီ။ သတင်း နှင့် စာနယ်ဇင်းလုပ်ငန်းများ ကို လုပ်ကိုင်နိုင်ရန်အတွက် မျိုးဆက်သစ် လူငယ်သတင်းထောက်များ ကို ခေါ်ယူမှု ကလည်း ဂျာနယ်တိုက်တိုင်းလိုလိုပင် သူ့ထက်ငါ အပြိုင်အဆိုင် ခေါ်ယူနေကြသည်။

ပုဂ္ဂလိကသတင်းစာ ထုတ်ဝေနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ကြလေပြီ။ ခေတ်ပုံရိပ် ဂျာနယ်တိုက်သည်လည်း အပတ်စဉ်ထုတ်ဝေသော သတင်းဂျာနယ်အဖြစ်သာမက ပုဂ္ဂလိက နေ့စဉ်သတင်းစာ ထုတ်ဝေနိုင်အတွက် လူငယ်သတင်းထောက်များ ကို ခေါ်ယူခဲ့သည်။ ထို ခေတ်ပုံရိပ် ဂျာနယ်တိုက်၏ သတင်းထောက်ခေါ်ယူမှု တွင် သတင်းထောက်အလုပ်ကို လုပ်ကိုင်နိုင် ရန်အတွက် ကျော်စည်သူလည်း အလုပ်လျှောက်ခဲ့သည်။

လူတွေ့ အင်တာဗျူး ဖြေဆိုရမည့် နေ့သို့ ပင် ရောက်ရှိခဲ့လေပြီ။

ကျော်စည်သူနှင့် သက်တူရွယ်တူ အသက်နှစ် ဆယ်ကျော် လူငယ်လူရွယ်များ သည် ခေတ်ပုံရိပ်ဂျာနယ်တိုက် အတွင်း းတွင် ရှိ ထိုင်ခုံများ တွင် ထိုင်နေကြရင်းဖြင့် အင်တာဗျူး ဖြေဆိုရန် အတွက် စောင့်ဆိုင်းနေကြသည်။ အားလုံး၏ မျက်နှာပြင်ပေါ်တွင် စိုးရိမ်မှု

အနည်းငယ်တော့ ရှိနေ ကြသည်။ ကျော်စည်သူလည်းပဲ အင်တာဗျူး ဖြေဆိုရန်အတွက် ရင်ခုန်နေရှာသည်။ ဂနာမငြိမ် ဖြစ်နေရှာ၏ ။

"ကျွီ"

အခန်းတံခါးဖွင့်သံနှင့် အတူ အင်တာဗျူး မေးသည့် အခန်းထဲကနေ အမျိုးသမီးငယ်တစ်ဦး ထွက်လာသည်။ သူ၏ မျက်နှာသည် ရှုံ့မဲ့နေရှာသည်။ အခန်းအပြင်သို့ ထွက်လာသော သူ၏ ခြေလှမ်းများ သည် နေးကွေးလွန်းလှသည်။ အခန်းအပြင်ဘက်တွင် ထိုင်နေကြသော လူငယ်လေး များ ၏ မျက်လုံးအကြည့်များ က ထိုအမျိုးသမီးငယ်ထံသို့ ရောက်ရှိသွားသည်။

"ဘယ့်နယ်လဲ။ အင်တာဗျူး ဖြေနိုင်ရဲ့ လား . . . "

ကျော်စည်သူက အမျိုးသမီးငယ်လေးကို အလောတကြီး မေးကြည့်မိသည်။

" အင်တာဗျူး မေးတဲ့ လူကြီးတွေ က ကဂျိုကကျောင်တွေ ၊ ဘာတွေ မေးနေလို့ မေးနေမှန်းကို မသိဘူး။ သူတို့မေးတဲ့ အင်တာဗျူး ကို ကောင်းကောင်း မဖြေနိုင်ပါဘူးဟယ် . . . ။ သတင်းထောက် အလုပ်နဲ့ ဝေးပြီထင်ပါရဲ့ "

အမျိုးသမီးငယ်လေးက ရှုံ့မဲ့နေသော မျက်နှာဖြင့် သူ အင်တာဗျူး ဖြေခဲ့ရသည့် အကြောင်း ကို ညည်းတွားပြီး ပြော၏ ။ သူ့စကားသံကို ကြားရသော အခါတွင် ကျော်စည်သူလည်း အင်တာဗျူး ဖြေရမည် ကို ကြိုတင်၍ ရင်ခုန်မိသည်။ စိတ်ထဲတွင် လည်း သူ့အလိုလို ချမ်းစိမ့်စိမ့်နှင့် ဖျားချင်သလို လို ဖြစ်လာရသည်။ 'မေးသမျှဖြေနိုင်ပါစေ' ဟုလည်း စိတ်ထဲကနေ အကြိမ်ကြိမ် ဆုတောင်းနေမိ သည်။

စာရေး မက အင်တာဗျူး ဖြေဆိုရန်အတွက် တစ်ယောက် ပြီး တစ်ယောက် အခန်းထဲသို့ ခေါ်သွင်းသည်။ ကျော်စည်သူ၏ အလှည့်ကို တော် တော် နှင့် မရောက်နိုင်။ ကျော်စည်သူသည် အသင့်ယူဆောင်လာသော သတင်းဂျာနယ် တစ်စောင်ကိုဖတ်ရင်းဖြင့် အင်တာဗျူး ဖြေရန်အတွက် စောင့်ဆိုင်းနေသည်။

"ကိုကျော်စည်သူ . . .။ အခန်းထဲကို ဝင်လို့ရပါပြီ"

စာရေး မလေးက အခန်းတံခါးကိုဖွင့်ရင်းဖြင့် ကျော်စည်သူ၏ နာမည် ကို ခေါ်လိုက်သည်။

ကျော်စည်သူသည် သူ့နာမည် ကို ခေါ်လိုက်သဖြင့် ရုတ်တရက် စိတ်လှုပ်ရှားသွားသည်။ စိတ်လှုပ်ရှားလွန်း၍ ပင် ဒူးများ ပင် တုန်လာသည်။ ကြောက်စိတ်ကို ဖျောက်ပြီး အားတင်းထားကာ၊ အင်တာဗျူး ဖြေဆိုရမည့် အခန်းထဲသို့ ခပ်သွက်သွက် ဝင်လာခဲ့သည်။ သူ၏ စိတ်ထဲကနေ ဘုရား ဂုဏ်တော် များ ကို ပွားများ နေမိသည်။

ကျော်စည်သူသည် အခန်းထဲသို့ ရောက်သည်နှင့် အင်တာဗျူး မေးမည့် လူကြီးများ ကို မသိ မသာ မျက်စိဂေ့ကြည့်လိုက်သည်။ အသက်လေးဆယ်ကျော် ငါးဆယ်အရွယ်ရှိ အမျိုးသားကြီး နှစ် ဦးသည် စားပွဲတစ်လုံးတွင် ဣန္ဒြေရရထိုင်နေကြသည်ကို တွေ့လိုက်ရသည်။ ထို့အပြင် အခန်း တစ်ခုလုံးကို သတိထားပြီး ကြည့်မိပြန်တော့လည်း စာအုပ်ဗီရိုများ ဖြင့် ပြည့်နှက်နေသည်ကို တွေ့ရ သည်။ ထိုစာအုပ်ဗီရိုထဲတွင် စာအုပ်များ အစီအရီ ထည့်ထားသည်ကို ကျော်စည်သူ ငေးကြည့်နေမိ သည်။

ဘယ်ဘက်စားပွဲအစွန်းတွင် ထိုင်နေသော အမျိုးသားကြီးသည် နဖူးပြောင်ပြောင် ဝဝဖိုင့်ဖိုင့် လူဝကြီးတစ်ဦး ဖြစ်သည်။ သူက ဖိုင်တစ်ဖိုင်အတွင်း ၌ရှိ စာရွက်များ ကို ထုတ်ကာ၊ စာရွက်တစ်ရွက် ချင်းကို လှမ်းကြည့်နေသည်။ သူ၏ ညာဘက်ဘေးက အမျိုးသားကြီး ကတော့၊ ပိန်ပိန်သွယ်သွယ်နှင့် လူပိန်လေးတစ်ဦးပင် ဖြစ်သည်။ ကွန်ပျူတာ လက်တော့ပ်တစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ သူ၏ ထူးခြားချက်မှာ ပုလင်းဖင်ခန့်ထူသော မျက်မှန်ကြီးကို တပ်ဆင်ထားသည်။

"ထိုင်ပါကွယ် . . . ထိုင်ပါ"

ပိန်ပိန်လူကြီးက သူနှင့် မျက်နှာချင်းဆိုင်ရှိ ထိုင်ခုံတွင် ထိုင်ရန်အတွက် ချို သာသော အသံ ဖြင့် ခရီးဦးကြိုပြုသည်။ ကျော်စည်သူသည်လည်း ပိန်ပိန်လူကြီး ညွှန်ပြပေးသော နေရာကို ခပ်ရို့ရို့ ဝင်ထိုင်လိုက်သည်။ ထို့နောက် ဝဝဖိုင့်ဖိုင့်လူဝကြီးသည်

ကျော်စည်သူကို သူ၏ နာမည် နှင့် ပိန်ပိန် လူကြီး၏ နာမည် တို့ကို ပထမဦးဆုံးအနေဖြင့် မိတ်ဆက်ပေးသည်။

"ဦးလေးက ခေတ်ပုံရိပ်ဂျာနယ်ရဲ့ အယ်ဒီတာချုပ် ဦးညီညီပါ။ ဦးလေးဘေးမှာ ထိုင်နေတဲ့ ဆရာ ကတော့၊ နောက်ထုတ်မယ့်ခေတ်ပုံရိပ်နေ့စဉ် သတင်းစာမှာ အယ်ဒီတာချုပ်အ ဖြစ် တာဝန်ယူ မယ့် ဆရာသက်နိုင်မိုး"

"ဆရာသက်နိုင်မိုးကိုတော့၊ ဆရာတို့ တစ်ရုံးလုံးက ဆရာသက်လို့ပဲ ခေါ်တယ်"

ဝဝဖိုင့်ဖိုင့် လူဝကြီးက ပြောသော အခါတွင် ကျော်စည်သူသည် သူ့ကို အင်တာဗျူး မည့် ဆရာနှစ် ဦး၏ အမည် ကို စိတ်ထဲကနေ တေးမှတ်ထားလိုက်သည်။

ဝဝဖိုင့်ဖိုင့် လူဝကြီး၏ အမည် က ဆရာဦးညီညီ။

ပုလင်းဖင်ခန့်ထူသော မျက်မှန်ကြီးကို တပ်ဆင်ထားသော ပိန်ပိန်လူကြီး၏ အမည် က ဆရာ ဦးသက်နိုင်မိုး (ခေါ်) ဆရာသက်။

"မောင်ရင်ရဲ့ မှတ်ပုံတင်မူရင်းနဲ့ ပညာရေး အထောက်အထားစာရွက်တွေ ဒီကိုပေးပါ"

ဝဝဖိုင့်ဖိုင့် လူဝကြီး ဆရာဦးညီညီက ပြောလာသော အခါတွင် ကျော်စည်သူသည် အသင့် ယူဆောင်လာသော မှတ်ပုံတင်မူရင်းနှင့် ပညာရေး အထောက်အထား စာရွက်များ ကို ရိုရိုသေသေ ပေးလိုက် သည်။ ကျော်စည်သူ၏ မှတ်ပုံတင်နှင့် ပညာရေး အထောက်အထားစာရွက်များ ကို ဝဝ ဖိုင့်ဖိုင့် လူဝကြီး ဆရာဦးညီညီက ဖတ်ကြည့်ပြီးသည်နှင့် ဆရာသက်၏ လက်ထဲသို့ ထည့်ပေးလိုက် ပြန်သည်။

"မင်းက ဆရာဝန်ဘွဲ့နဲ့ ကျောင်းပြီးထားတာကို ဆရာဝန်အလုပ် မလုပ်ဘဲ၊ ဘာဖြစ်လို့ သတင်းထောက်အလုပ်ကို လာလျှောက်ရတာ လဲ"

ဆရာဦးညီညီက စတင်ပြီး အင်တာဗျူး သော အခါတွင်

"ဆေးကုသပေးတဲ့ အလုပ်ဆိုတာ . . . ကုသိုလ် အကုသိုလ် ဒွန်တွဲ နေတဲ့

အလုပ်မို့လို့ပါ။ ဇီဝိတဒါနအ ဖြစ် အခမဲ့ဆေးမကုပေးနိုင်လို့ ဆရာဝန်အလုပ်ကို မလုပ်တာပါ။ အစိုးရဝန်ထမ်းအလုပ် ကို ရဖို့ကလည်း အချိန်တွေ အများ ကြီး မစောင့်နိုင်လို့ပါဆရာ . . ."

ကျော်စည်သူ၏ အဖြေကို သဘောကျသွားဟန်တူသည်။

ခေါင်းတညိတ်ညိတ်နှင့် ဆရာဦးညီညီက ကျော်စည်သူကို ပြုံး ၍ ကြည့်နေသည်။

"ဟုတ်ပါပြီဗျာ . . . ဟုတ်ပါပြီ"

"မောင်ရင်ကို ပထမဦးဆုံး မေးခွန်းစပြီးမေးမယ်။ မောင်ရင်က ဘာရည်ရွယ်ချက်နဲ့ သတင်း ထောက် ဖြစ်ချင်တာတုံး . . . သတင်းထောက် ဖြစ်ချင်တဲ့ မောင်ရင်ရဲ့ ရည်ရွယ်ချက်ကို ဦးလေးတို့ သိချင်တယ်ကွယ်"

ဝဝဖိုင့်ဖိုင့်လူကြီး ဆရာဦးညီညီက တစ်ခါထပ်ပြီး မေးပြန်သည်။

"အမှန်တရားကို ချစ်လို့၊ အမှန်တရားကို ဖော်ထုတ်ချင်လို့ သတင်းထောက် ဖြစ်ချင်တာပါ"

ကျော်စည်သူက တည်တည်ငြိမ်ငြိမ် လေသံအေးအေးဖြင့် အဖြေပေးသော အခါတွင် ဆရာ ဦးညီညီနှင့် ဆရာသက်တို့သည် တစ်ဦးမျက်နှာကို တစ်ဦး ကြည့်လိုက်ကြသည်။ နှစ် ဦးစလုံး၏ မျက်နှာပြင်ပေါ်တွင် အပြုံး ပန်းများ ကိုယ်စီကိုယ်စီ ပွင့်လန်းလာသည်ကို ကျော်စည်သူ သတိပြုလိုက်မိသည်။

"မင်းအဖြေက အလွန်ကောင်းတယ်။ သတင်းသမားနဲ့ ထောင်ဆိုတာက လင်မယားတွေ နော်၊ မင်းက အမှန်တရားကို အမှန်တရားအတိုင်း ရေး ရဲတဲ့သတ္တိ၊ အမှန်တရားကို အမှန်တရား အတိုင်း တင်ပြရဲတဲ့သတ္တိ တကယ်ရောရှိရဲ့ လား"

ဆရာသက်၏ အမေးကို ကျော်စည်သူ ချက်ချင်း မဖြေနိုင်ဘဲ၊ ခဏတာ နှုတ်ဆိတ်နေမိသည်။

သူ ကြီးပြင်းလာခဲ့ရသော ခေတ်ကာလသည် စစ်အစိုးရအုပ်ချုပ်သော စစ်အုပ်ချု

ပ်ရေး ကာလ။ အမှန်တရားကို အမှန်တရားအတိုင်း တိုင်းသူပြည်သားများ က ရဲရဲဝံ့ဝံ့ မပြောရဲခဲ့ကြသည့် ကာလ။ အစိုးရကလည်း အမှန်တရားကို အမှန်အတိုင်း မမြင်နိုင်ခဲ့သည့်ကာလ။ အမှန်တရားကို အမျိုးမျိုး ဖုံးကွယ်ခဲ့သော ခေတ်ကာလ။ ကျော်စည်သူလည်းပဲ အမှန်တရားကို အမှန်တရားအတိုင်း မပြောရဲခဲ့သည့် ခေတ်ကာလ။ ပြောခွင့်မရှိသော ခေတ်ကာလ။ ထိုခေတ်ကာလများ တွင် မွေးဖွား ကြီးပြင်းခဲ့သော ကျော်စည်သူမှာ လည်း အမှန်တရားကို အမှန်တရားအတိုင်း ချက်ခြင်းကြီးတော့ မပြောရဲသေးပေ။

"ရှိပါတယ်ဆရာ . . .။ ကျွန်တော် က အမှန်တရားကို ချစ်တဲ့သူပဲ။ အမှန်တရားကို ချစ်ရင် အမှန်တရားကို ပြောရဲဆိုရဲ ရေး ရဲတယ်။ အမှန်တရားအတိုင်း ရေး ရဲတဲ့သတ္တိ ကျွန်တော့် မှာ အပြည့် ရှိတယ်။ ကျွန်တော် သတင်းထောက် ဖြစ်ခဲ့ရင်၊ ကျွန်တော့် ရဲ့ သတင်းရေး သားမှု တွေ ကို ဆရာတို့ စောင့်ကြည့်ရင် သိပါလိမ့်မယ်"

ကျော်စည်သူက အချက်ကျကျ အကွက်ကျကျ ပြောလိုက်တော့၊ ဝဝဖိုင့်ဖိုင့် လူဝကြီး ဆရာ ဦးညီညီက လက်ခုပ်တီးပြီး သူ့အဖြေကို ထောက်ခံအားပေးသည်။ ထို့နောက် ဆရာသက်သည် ကျော်စည်သူ သတင်းထောက်အလုပ် လာလျှောက်စဉ်က ကိုယ်ရေး ရာဇဝင်နှင့် အတူ တင်ထားခဲ့ သော သတင်းနှစ် ပုဒ်နှင့် ပတ်သက်ပြီးတော့လည်း မှတ်ချက်ပေးသည်။

"မောင်ရင် ရေး ပြီးတင်လာတဲ့ သတင်းတွေ က သတင်း ဖြစ်တယ်။ သတင်းပုံစံတော့ ဝင်တယ်။ ဒါပေမဲ့ သတင်းအရေး အသားပိုင်းနဲ့ သတင်းအထားအသိုပိုင်းတော့ . . . နည်းနည်း လိုအပ်နေသေးတယ်။ အဲဒါ ကတော့ လေ့ကျင့်ရင်းနဲ့ ဖြစ်လာမှာ ပါ။ သတင်းနဲ့ပတ်သက်ပြီး မောင်ရင် ဘာတွေ ကို လေ့လာဖူးလဲ"

ဆရာသက်က သတင်းနှင့် ပတ်သက်သော အကြောင်းများ ကို ကျော်စည်သူအား မေးပြန် သည်။

"အင်္ဂလိပ်အဖွဲ့အစည်းတစ်ခုကနေ အခမဲ့ပို့ချပေးခဲ့တဲ့

အခြေခံစာနယ်ဇင်းသင်တန်းတော့ တက်ဖူးပါတယ်။ သတင်းနဲ့ပတ်သက်ပြီး ရေး သားထားတဲ့၊ ဆရာကြီး အထောက်တော် လှအောင်၊ ဆရာမ ကြီး ဒေါ်ခင်မျိုးချစ်၊ ဆရာကြီး လူထုစိန်ဝင်း၊ ဆရာမောင်ဝံသတို့ ရေး သားထားတဲ့ စာအုပ် တွေ ကိုလည်း လေ့လာဖူးပါတယ်ဆရာ''

''ကောင်းပါပြီ။ သတင်းနဲ့ပတ်သက်ပြီး တီးမိခေါက်မိ ရှိတယ်ဆိုရင်တော့ . . . သတင်း ဓာတ်ပုံတစ်ခုက သတင်း ဖြစ် မ ဖြစ်ကိုတော့ ဝေဖန်ပိုင်းခြားနိုင်မှာ ပေါ့ . . .''

ဆရာသက်က နောက်ထပ် မေးလာသော အခါတွင် ကျော်စည်သူက ပြုံး ပြီး ခေါင်းညိတ်ပြ လိုက်သည်။ ဆရာသက်က ချက်ခြင်းပင်၊ သူ၏ လက်တော့ပ် ကွန်ပျူ တာဘေးတွင် အသင့်ရှိနေ သော အစိုးရသတင်းစာတစ်စောင်ကို ကျော်စည်သူအား ပေးလိုက် သည်။

''အဲဒီ သတင်းစာရဲ့ မျက်နှာဖုံး စာမျက်နှာမှာ ပုံနှိပ်ဖော်ပြထားတဲ့ ဓာတ်ပုံက သတင်းဓာတ်ပုံ ဖြစ်သလား'' ဆရာသက်က မေးသော အခါတွင် ကျော်စည်သူသည် အစိုးရသတင်းစာ၏ မျက်နှာဖုံး တွင် ပုံနှိပ်ဖော်ပြထားသော ဓာတ်ပုံကို သေသေချာချာ စေ့စေ့စပ်စပ် ကြည့်မိသည်။ ထိုဓာတ်ပုံ သည် ဆည်ဖွင့်ပွဲ၏ မုခ်ဦးရှေ့တွင် ဝန်ကြီးတစ်ဦးနှင့် ဒေသခံရပ်မိရပ်ဖများ ၊ ဌာနဆိုင်ရာလူကြီးများ စုပေါင်း၍ ရိုက်ကူးထားသော ဓာတ်ပုံ ဖြစ်သည်။ ထိုဓာတ်ပုံကိုကြည့်ရင်း ပြန်လည်ဖြေကြားရမည့် အဖြေကို ကျော်စည်သူ စဉ်းစားနေမိသည်။

အစိုးရသတင်းစာတွင် ဖော်ပြထားသော ဓာတ်ပုံတစ်ပုံကို ချက်ချင်း ကြီး ဝေဖန်ရမည် ၊ မှတ်ချက်ပြုရမည် ကို ကျော်စည်သူ လက်တွန့်မိသည်။ အမှန်ကို ရေး ရဲ၊ အမှန်ကို ပြောရဲသည်ဟု ကြွေးကြော်ထားသော်လည်း တကယ့်လက်တွေ့တွင် သူ၏ စိတ်ထဲမှာ ရှိနေသည့်အတိုင်း ဖွင့်ပြောရ မည် ကိုတော့ မဝံ့မရဲတော့ ဖြစ်မိသည်။ ပြောထွက်ဖို့လည်း အလွန်ကို ဝန်လေးနေရှာသည်။ သေချာ စဉ်းစားဆုံးဖြတ်ပြီးသည်နှင့်

''ဒီဓာတ်ပုံက သတင်းဓာတ်ပုံတော့ မ ဖြစ်ဘူးဆရာ . . . အမှတ်တရအနေနဲ့ မှတ်တမ်းတင် ထားတဲ့ မှတ်တမ်းဓာတ်ပုံပါဆရာ''

ကျော်စည်သူက သူ၏ အဖြေကို ရဲရဲဝံ့ဝံ့ အဖြေပေးလိုက် ပြီး သတင်းစာကို စားပွဲပေါ်သို့ ပြန်ချလိုက်သည်။

"ဘာ ဖြစ်လို့ မှတ်တမ်းဓာတ်ပုံလို့ မင်းက ဖြေရတာ လဲ"

ဝဝဖိုင့်ဖိုင့် လူဝကြီး ဦးညီညီက ကြားဖြတ်မေးလာသော အခါတွင် ကျော်စည်သူ တွေ ဝေ သွားသည်။ သူ၏ အမေးကို ချက်ခြင်းကြီး ပြန်မဖြေနိုင်။ စက္ကန့်အနည်းငယ်ကြာအောင် ကျော်စည်သူ စဉ်းစားနေမိပြန်သည်။ သတင်းဓာတ်ပုံတွင် ရှိသင့်ရှိထိုက်သည့် အင်္ဂါရပ်များ ကို သေသေချာချာ စဉ်းစားနေမိပြန်သည်။

အင်ဂျီအိုအဖွဲ့အစည်းတစ်ခုက ပို့ချခဲ့သော သတင်းနှင့် စာနယ်ဇင်းသင်တန်းမှ သင်တန်း နည်းပြဆရာတစ်ဦး ပြောပြခဲ့သည့် သတင်းဓာတ်ပုံနှင့် မှတ်တမ်းဓာတ်ပုံတို့၏ ကွာခြားမှု အကြောင်း ကို ရုတ်တရက် သတိရမိသွားသည်။

"သတင်းဓာတ်ပုံဆိုတာက ဖြစ်ပျက်နေတုန်းမှာ လျှပ်တစ်ပြက် ရိုက်ရတာ . . . ဓာတ်ပုံကို ကြည့်လိုက်ရင်၊ ဓာတ်ပုံက သူ ဘာ ဖြစ်နေတယ်ဆိုတာကို တစ်ခါတည်းတန်းပြီး သူ့အလိုလို စကား ပြောနေတယ်လေ . . ."

ကျော်စည်သူသည် စားပွဲပေါ်တွင် ချထားသည့် သတင်းစာကို နောက်ထပ်တစ်ကြိမ် ကောက်ကိုင်လိုက်ရင်းဖြင့်

"အခု သတင်းစာမှာ ဖော်ပြထားတဲ့ ဓာတ်ပုံက သတင်းဓာတ်ပုံလို့ ခေါ်လို့မရဘူး။ လူတွေ ကို ကျကျနန နေရာယူခိုင်းပြီးမှ ကင်မရာကို စိမ်ပြေနပြေ ချိန်ပြီးရိုက်ထားတယ်။ အဲဒါကြောင့် သတင်း စာထဲက ဓာတ်ပုံကို သတင်းဓာတ်ပုံလို့ မခေါ်ဘဲ၊ မှတ်တမ်းအ ဖြစ် သိမ်းဆည်းထားသင့်တဲ့ မှတ်တမ်းဓာတ်ပုံလို့ ဖြေတာပါဆရာ . . ."

သတင်းဓာတ်ပုံနှင့် မှတ်တမ်းဓာတ်ပုံတို့၏ ကွာခြားပုံတို့ကို ကျော်စည်သူက ပြောပြသော အခါတွင် ဝဝဖိုင့်ဖိုင့် လူဝကြီး ဆရာဦးညီညီနှင့် ဆရာသက်တို့ နှစ် ဦးသည် အလွန်ကို သဘောကျ နှစ် ခြိုက်မိသွားသည်။

့"မောင်ရင့်ကို ဦးလေး သဘောကျသွားပြီ။ စိတ်ချလက်ချသာ ပြန်ပေတော့၊ ဦးလေးတို့ ဂျာနယ်တိုက်အတွက် မင်းကို သတင်းထောက်ခန့်လိုက်ပြီ။ နောက်တစ်ပတ် တနင်္လာနေ့ကစပြီး အလုပ်ဆင်းတော့ . . . "

ဆရာဦးညီညီဆီကနေ မင်္ဂလာစကားသံကို ကြားရသော အခါတွင် ကျော်စည်သူ အလွန်ကို ဝမ်းသာသွားသည်။ ထိုင်နေရာကနေ ထခုန်မတတ် ဖြစ်သွားရသည်။

"အခုလို ကျွန်တော့်ရဲ့ စိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်ခွင့်ပေးတဲ့အတွက် ဆရာ တို့ကို ကျွန်တော် ကျေးဇူးတင်ပါတယ်။ ဆရာတို့ ပေးတဲ့တာဝန်ကို ကျွန်တော် ကျေပွန်အောင် ထမ်းဆောင်ပါ့မယ်။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးဆရာ . . . "

ကျော်စည်သူသည် ထိုင်နေရာကနေ မတ်တတ်ရပ်လိုက်ရင်း ပြောလိုက်သည်။ ထို့နောက် ကျော်စည်သူသည် ဦးခေါင်းကို ညွှတ်ကာ၊ အရိုအသေပေး နှုတ်ဆက်လိုက်ပြီးသည်နှင့် အင်တာဗျူး အခန်းထဲကနေ ထွက်ခွာရန်အတွက် ပြင်ဆင်လိုက်သည်။ ထိုင်ခုံကနေ ကျော်စည်သူ ထပြန်လာ သည်နှင့် ဆရာသက်သည် တံခါးပေါက်ဝအနီးရှိထိုင်ခုံတွင် ထိုင်နေသော စာရေး မလေးအား အင်တာဗျူး ဖြေဆိုရန်အတွက် နောက် တစ်ယောက် ကို အခန်းထဲသို့ ခေါ်ခိုင်းလိုက်သည်။

"ချောစုရေ . . . နောက်ထပ် တစ်ယောက် ခေါ်လိုက်တော့ . . . " ဆရာသက်က ပြောလိုက် သည်နှင့်

"ဟုတ်ကဲ့ပါ ဆရာ" ဟု တံခါးပေါက်နား ထိုင်နေသော စာရေး မလေး ချောစုက ချက်ချင်း အဖြေပေးလိုက် ပြီး၊ အခန်းအပြင်ဘက်၌ အင်တာဗျူး ဖြေဆိုရန်အတွက် ထိုင်စောင့်နေသော လူငယ်များ ထဲမှ လူငယ်တစ်ဦးကို ဆရာသက်နှင့် ဆရာဦးညီညီတို့၏ ရှေ့တော် မှော က်သို့ ခေါ်သွင်းပေးလိုက် တော့လေသည်။

*

"ဆရာ ကျွန်တော့် ကို ခေါ်တယ်ဆို . . . "

ကျော်စည်သူသည် ဆရာသက်၏ အလုပ်စားပွဲနားသို့ ရောက်လာရင်းဖြင့် ပြော၏ ။ ဆရာ သက်သည် သူ၏ အလုပ်စားပွဲတွင် ထိုင်နေရာကနေ ကျော်စည်သူကို မျက်မှောင်ကြုတ်ကာ ကြည့် လိုက်သည်။ ဆရာသက်၏ စိတ်ထဲတွင် ဘဝင်မကျ ဖြစ်နေသည်ကို ကျော်စည်သူ အကဲခတ်လိုက်မိ သည်။

"ကျော်စည်သူ"

"မင်းတင်ထားတဲ့ သတင်းတွေ ကို သေချာပြန်ပြီး ဖတ်ကြည့်လိုက်ဦး။ သတင်းအထားအသို တွေ မှာ းနေတယ်။ မင်းသတင်းက ဘာပြောချင်လို့ ပြောချင်မှန်းကို မသိဘူး။ စာဖတ်ပရိသတ် ရှင်းရှင်းလင်းလင်း မသိနိုင်ဘူး"

"ရုံးတွင်း သတင်းရေး နည်းသင်တန်း ပို့ချခဲ့တုန်းက မင်းတို့အားလုံးကို ဆရာ ဘာပြောခဲ့ တုန်း။ 'ဘ' ခြောက်လုံးမှာ အရေး ကြီးတဲ့ 'ဘ' ကို ရှေ့ဆုံးမှာ ထားပြီး ရေး ရမယ်။ 'ဘ' ခြောက်လုံး စလုံး စုံလင်စေ့ငအောင် ရေး ရမယ်လို့ပြောခဲ့တယ် မဟုတ်လား"

"အခုတော့ မင်းသတင်းမှာ ရေး ထားတဲ့ 'ဘ' တွေ က ရှေ့မှာ ထားရေး ရမယ့် 'ဘ' က နောက်ရောက်နေတယ်။ နောက်မှာ ထားရမယ့် 'ဘ' က ရှေ့ရောက်နဲ့။ မင်းသတင်းက လုံးဝကို အစီ အစဉ် မကျသေးဘူး။ အစီအစဉ်ကျသွားအောင် နောက်ထပ်တစ်ကြိမ် ထပ်ပြီး ပြန်ရေး လိုက်ဦး"

ဆရာသက်က ပြောပြောဆိုဆိုဖြင့် သူ၏ အလုပ်စားပွဲပေါ်က လျှောက်လွှာစာရွက် တစ်ရွက် ကို ကျော်စည်သူထံသို့ လှမ်းပေးလိုက် သည်။ လျှောက်လွှာစာရွက်ကို မဝံ့မရဲဖြင့် ကျော်စည်သူ ယူလိုက်ရသည်။ ဆရာသက်က နောက်ထပ် လျှောက်လွှာစာရွက်တစ်ရွက်ကို ကောက်ကိုင်ကာ

''ဒီသတင်းဆောင်းပါးကိုလည်း တစ်ခါထပ်ပြီး ပြန်ရေး ခဲ့ဦး။ နာမ်စားတွေ သုံးထားတာ . . . မှား နေတယ်။ ယောကျ်ားပဲ ဖြစ် ဖြစ်၊ မိန်းမပဲ ဖြစ် ဖြစ် 'သူ' ဆိုတဲ့၊ နာမ်စားတစ်မျိုးတည်းကိုပဲ သုံးရ တယ်။ အခု မင်းရေး ထားတဲ့ သတင်းဆောင်းပါးရဲ့ မိန်းမနာမ်စားနေရာမှာ 'သူမ' တွေ ကို တွင် တွင် သုံးထားတယ်။ သတင်းဆောင်းပါးတစ်ပုဒ်လုံး သူမ . . . သူမနဲ့ တမတည်း 'မ' နေလိုက်တာ . . . မပြောချင်တော့ဘူး။ မြန်မာစာ အရေး အသားမှာ ယောကျ်ားနဲ့ မိန်းမ တန်းတူထားတယ်။ သူတွေ သူမတွေ ခွဲခြားမထားဘူး''

''ရော့ . . .။ ဒီမှာ ဆရာမောင်ခင်မင် (ဓနုဖြူ) ရဲ့ စာပေဆောင်းပါးကို သေချာဖတ်ကြည့် လိုက်ဦး။ မြန်မာစာ အရေး အသားမှာ 'သူမ' ဆိုတဲ့ အသုံးအနှုန်း အရေး အသားမရှိတဲ့အကြောင်းကို ဆရာကြီးက အလေးအနက်ထားပြီး ရေး ထားတာ . . . အိမ်ရောက်ရင် သေသေချာချာ ဖတ်ကြည့် ခဲ့ . . .။ အမှား တွေ ရေး နေရင်၊ နောက်လူတွေ က မင်းမှား ခဲ့တဲ့အမှား ကို အချိန်တွေ ကြာလာတာနဲ့ အမှု အမှန်လို့ ထင်နေကြဦးမယ်''

ဆရာသက်က ပြောရင်း၊ လျှောက်လွှာစာရွက်နှစ် ရွက်နှင့် ဆရာမောင်ခင်မင် (ဓနုဖြူ) ၏ စာပေဆောင်းပါး ပုံနှိပ်ဖော်ပြထားသော သတင်းစာဖြတ်ပိုင်းတစ်ခုတို့ကို ကျော်စည်သူအား ပေးလိုက် သည်။

ထိုအချိန်တွင် ဆရာသက်နှင့် ကျော်စည်သူတို့ ရှိနေသည့် ရုံးခန်းထဲသို့ စာရေး မ မချောစု ဝင်လာသည်။ စာရေး မ မချောစုသည် အသက်သုံးဆယ့်ငါးနှစ် ကျော် အရွယ်ရှိပြီး ခန္ဓာကိုယ် သေးသေးသွယ်သွယ်၊ အရပ်ပုပု ဖြစ်သည်။ အခုချိန်ထိ ဘဝကြင်ဖော် မတွေ့ သေးသော အပျိုကြီး မမတစ်ဦးလည်း ဖြစ်သည်။ ၁၉၉၆ ခုနှစ် ခေတ်ပုံရိပ်ဂျာနယ်တိုက် စတင်တည်ထောင်စဉ်ကတည်း က စာရေး မအလုပ်ကို လုပ်ကိုင်ခဲ့သူ ဖြစ်ပြီး ခေတ်ပုံရိပ်ဂျာနယ်၏ ကြော်ငြာတာဝန်ခံလည်း ဖြစ်သည်။

''ကျော်စည်သူ''

''ဆရာဝ ခေါ်နေတယ်''

မချောစုက ပြောတော့၊ ကျော်စည်သူ အံ့အားသင့်သွားသည်။

ခေတ်ပုံရိပ် သတင်းဂျာနယ်၏ အယ်ဒီတာချုပ် ဖြစ်သူ ဂျာနယ်တိုက်ပိုင်ရှင်လည်း ဖြစ်သူ ဦးညီညီကို ဂျာနယ်တိုက်ရှိ ဝန်ထမ်းအားလုံးက 'ဆရာဝ' ဟု ချစ်စနိုး ခေါ်ဝေါ်ကြသည်။ ဆရာဝ ဟူသော နာမည် သည် နဖူးပြောင်ပြောင် ဝဝဖိုင့်ဖိုင့် ခန္ဓာကိုယ်ပိုင်ရှင် ဆရာဦးညီညီနှင့် အလွန်ကို လိုက်ဖက်လွန်းလှသည်။

"ဟုတ်ကဲ့ . . . မချောစု"

ကျော်စည်သူသည် ပြောပြောဆိုဆိုပင်၊ ဆရာသက်နှင့် မချောစုတို့အနားကနေ ခပ်သွက် သွက် ထွက်လာခဲ့သည်။ ဆရာသက်၏ အခန်းနှင့် ဆရာဝတို့၏ အခန်းသည် အခန်းချင်း ကပ်နေ သည်။ အခန်းနှစ် ခန်း၏ အလယ်တွင် အုတ်နံရံတစ်ခုသာ ခြားထားသည်။ ခေတ်ပုံရိပ်ဂျာနယ်တိုက် သည် လမ်းမတော် မြို့ နယ်အတွင်း ရှိ ဗဟိုစည်အိမ်ရာအတွင်း ၌ တည်ရှိသည်။

ထိုအိမ်ရာရှိ တိုက်ခန်းများ သည် အပေါ်အောက်နှစ် ထပ်ရှိသော လုံးချင်းပုံစံ တိုက်ခန်းများ ဖြစ်သည်။

အောက်ထပ်၌ ဧည့်ခန်း၊ ရုံးခန်း၊ စာကြည့်ခန်း၊ ထမင်းစားခန်းနှင့် အမျိုးသား သတင်း ထောက်များ ၏ ရုံးခန်း၊ အိမ်သာ၊ ရေချိုးခန်းတို့ဖြင့် ဖွဲ့စည်းထားသည်။

အပေါ်ထပ်၌ ဆရာသက်၏ ရုံးခန်း၊ ဆရာဝ၏ ရုံးခန်း၊ ကွန်ပျူတာခန်း၊ သတင်းမှတ်တမ်း သိမ်းဆည်းခန်း၊ အစည်းအဝေးခန်းနှင့် အမျိုးသမီး သတင်းထောက်များ ၏ ရုံးခန်းတို့ကို သပ်ရပ် သော အခန်းလေးများ စွာ တို့ဖြင့် စနစ်တကျဖွဲ့စည်းထားသည်။

ဆရာဝ၏ ရုံးခန်းထဲကို ကျော်စည်သူ ဝင်လာသည်နှင့် ဆရာဝက သူ့အခန်းထဲကနေ ကျော်စည်သူကို ပြုံးရွှင်သော မျက်နှာထားဖြင့် ခရီးဦးကြိုပြုနေသည်။ ဆရာဝ၏ အပြုံး ချိုချိုသည် မြင်ရသူတိုင်း၏ ရင်ကိုအေးမြစေသော နှစ် လိုဖွယ်အပြုံး မျိုး ဖြစ်သည်။

"ကိုကျော်စည်သူ . . . ထိုင်ပါဦးဗျာ . . . "

"ရော့ . . . ဒီနေ့ ရိုက်ကူးခဲ့တဲ့ ခင်ဗျားရဲ့ ဓာတ်ပုံတွေ ကို တစ်ချက်လောက် သေသေချာချာ ပြန်ကြည့်လိုက်ပါဦး"

ချိုသာပျော့ပြောင်းသော လေသံအေးအေးဖြင့် ပြောရင်း၊ ဆရာဝသည် သူ၏ အလုပ်စားပွဲ ပေါ်တွင် ဓာတ်ပုံတွေ ကို တစ်ထပ်ကြီး ချပေးလိုက် သည်။ ကျော်စည်သူသည် ဆရာဝ၏ အလုပ် စားပွဲရှေ့ ကုလားထိုင်တွင် ခပ်ကုပ်ကုပ်လေး ဝင်ထိုင်လိုက်သည်။ ပြီးမှ စားပွဲပေါ်က ဓာတ်ပုံတစ်ပုံ ကို ကောက်ကိုင်လိုက်ပြီး ဓာတ်ပုံကိုတစ်လှည့် ဆရာဝကိုတစ်လှည့် ကြည့်လိုက်မိသည်။ ဆရာဝက ကျော်စည်သူကို ပြုံး ၍ ကြည့်နေသည်။

"မင်းဓာတ်ပုံတွေ က မင်းကို ပြောနေတယ်။ မင်းမှာ အကြောက်တရားတွေ ရှိနေသေးတယ်။ သတင်းထောက်အလုပ် အမှန်တရားရဲ့ ဘက်တော် သားအလုပ်ကို လုပ်ရင်၊ အကြောက်တရားတွေ တော့ နည်းရတယ်"

လေးနက်သော ဆရာဝ၏ စကားဆိုလိုရင်းကို ကျော်စည်သူ ရုတ်တရက် နားမလည်လိုက်။ ကျော်စည်သူသည် ဆရာဝကို မျက်တောင်တစ်ချက် မခတ်ဘဲ၊ ဆရာဝ ဆက်ပြောမည့် စကားကို သာ နားစွင့်နေမိသည်။ ဆရာဝ စကားဆက်မပြောတော့မှ သူ နားမရှင်း ဖြစ်ရသည့်အကြောင်းများ ကို ဆရာဝအား မေးလိုက်သည်။

"ကျွန်တော် ရိုက်ခဲ့တဲ့ဓာတ်ပုံတွေ က ဘာ ဖြစ်လို့လဲဆရာ . . .။ ဂျာနယ်မှာ သုံးလို့မရလို့ လား . . . "

ဆရာဝက မပွင့်တပွင့် ရယ်လိုက်သည်။

"သုံးမယ်ဆိုရင်တော့ သုံးလို့ရတယ်။ ဒါပေမဲ့ ဓာတ်ပုံကောင်းတစ်ပုံတော့ မ ဖြစ်သေးဘူး။ ဓာတ်ပုံရိုက်တဲ့အခါမှာ ဘယ်သူ့ကိုမှမကြောက်နဲ့၊ ရဲရဲတင်းတင်းသာ ရိုက်ခဲ့။ ကန့်သတ်နယ်မြေ မဟုတ်ရင်၊ ဘယ်နေရာမှာ ပဲ ဖြစ် ဖြစ် လွတ်လွတ်လပ်လပ် ရိုက်လို့ရတယ်။ ကန့်သတ်နယ်မြေထဲမှာ ပါနေရင်တော့ သက်ဆိုင်ရာတာဝန်ရှိ လူကြီးဆီကို အကျိုးသင့် အကြောင်းသင့် ခွင့်တောင်းပြီးမှ ရိုက်ခဲ့"

"ဟုတ်ကဲ့ပါ ဆရာ . . .။ နောက်ဆိုရင် ခေတ်ပုံကောင်းကောင်းရအောင် ကျွန်တော် ကြိုး စားပါ့မယ်"

"အေးပါကွာ . . .။ မင်းရဲ့ သတင်းထောက်လုပ်သက်က နုစ် လပဲ ရှိသေးတာကိုး။ လိုအပ် တာတွေ တော့ ရှိဦးမှာ ပေါ့ကွာ . . .။ နောက်ဆိုရင် အလုပ်က သင် သွားပါလိမ့်မယ်။ ဘာမှ အားမငယ်နဲ့။ ဆရာဆို သတင်းလောကထဲ စဝင်ဝင်ချင်းမှာ မင်းထက်တောင်ပိုပြီး အမှား တွေ လုပ်မိတာပဲ။ ဆရာတွေ က ပြင်ပေးလိုက် မှ အမှား နည်းလာတာ"

ဟု ပြောရင်း၊ ဆရာဝသည် နံရံတွင် ချိတ်ဆွဲထားသော နာရီကို တစ်ချက်မော့ကြည့်လိုက် သည်။

နာရီလက်တံက အချိန် ငါးနာရီ ရှိနေပြီ ဖြစ်ကြောင်း သက်သေပြနေလေပြီ။

"ရုံးဆင်းဖို့ပြင်တော့ . . . ငါးနာရီထိုးတော့မယ်"

ဆရာဝက ပြောသော အခါတွင်

"မပြန်သေးဘူးဆရာ။ ကျွန်တော့် မှာ တာဝန်တွေ မပြီးသေးဘူး" ဟု ပြောရင်း၊ ကျော်စည် သူသည် သူ၏ လက်ထဲက လျှောက်လွှာစာရွက်များ ဖြင့် စုစည်းထားသော စာဖိုင်တစ်ခုကို ထောင်ပြ လိုက်သည်။

"တစ်နေ့အလုပ် တစ်နေ့ပြီးစီးအောင် ကြိုး စားအားထုတ်တာက လူတော် တွေ ရဲ့ လုပ်ရပ်ပဲ"

ဆရာဝ၏ ချီးမွမ်းထောပနာစကားကြောင့် ကျော်စည်သူ ပျော်ရွှင်ရသည်။ ဆရာသက် ပြန်ရေး ခိုင်းလိုက်သည့် သတင်းတစ်ပုဒ်နှင့် သတင်းဆောင်းပါးတစ်ပုဒ်ကို ပြီးစီးအောင် စိတ်ကြိုက် ဖြစ်အောင် ရေး သားပြီးမှ အိမ်ကိုပြန်တော့မည် ဟု ဆုံးဖြတ်ချက်ချလိုက်ပြီး ဆရာဝ၏ အခန်းထဲ ကနေ ကျော်စည်သူ ထွက်လာခဲ့သည်။

အောက်ထပ်ရှိ အမျိုးသားသတင်းထောက်များ ၏ ရုံးခန်းရှိ သူ၏ အလုပ်စားပွဲကို ရောက် သည်နှင့် ကျော်စည်သူသည် သူ၏ သတင်းဆောင်းပါးတစ်ပုဒ်ကို အစအဆုံး

တစ်ခေါက် ပြန်ဖတ် ကြည့်သည်။ ပုဒ်အထားအသိုများ၊ နာမ်စား အသုံးအနှုန်းများ မှားယွင်းနေသည့် နေရာများ တွင် မင်အနီရောင် ဘောလ်ပင်နှင့် ဝိုင်းပြီး မှတ်ထားလိုက်သည်။ ထို့နောက် သတင်းဆောင်းပါးကို ဖတ်ကြည့်ပြီးသည်နှင့် နောက်ထပ်တစ်ကြိမ် အသစ်ပြန်ရေး ကြည့်သည်။ ရေး ပြီးသား သတင်း ဆောင်းပါးကို တစ်ခါထပ်ပြီး ဖတ်ကြည့်သည်။ နောက်ထပ် ပြင်ဆင်စရာရှိသည်များ ကို တစ်ခါ ထပ်ပြီး ပြင်ဆင်လိုက်နှင့် အချိန်တွေ က ရုံးဆင်းချိန်ကို တဖြည်းဖြည်း ကျော်လွန်လာခဲ့သည်။

တစ်ခါရေး တစ်ခါပြင်နှင့် ခြောက်ကြိမ်မြောက်တွင် ပြင်ဆင် ဖြတ်တောက်စရာ မလိုအပ် တော့သော သတင်းဆောင်းပါးတစ်ပုဒ်အ ဖြစ် မြင်ရတော့ ကျေ်စည်သူ ပြုံး ရွှင်နိုင်တော့သည်။

*